ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မိုးကောင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ပြွန်သုံးလုံးကျေးရွာ၊ ဆားမှော်အုပ်စု


၂၀၁၇ခုနှစ်

မိုးကောင်းမြို့နယ်


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၁ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆-၇ |
| | (ခ) ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၉ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၀-၁၁ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၂ |
| | (စ) ဗင်းပုံစံ | ၁၃ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၄-၁၅ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၄-၁၅ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၅ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၁၆ |
| ၈ | ကော်မတီဝင်များစာရင်း | ၁၇ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၁၈-၂၀ |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၁-၂၂ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၃-၂၄ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | ၂၅-၂၆ |
| ၁၃ | အစည်းအဝေးမှတ်တမ်းများ | ၂၇-၂၈ |
| ၁ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၂၉ |

# မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းများ
# အခြေပြမြေပုံ



## မြွန်သုံးလုံးကျေးရွာတည်နေရာပြမြေပုံ



၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ဆားမှော်ကျေးရွာအုပ်စု

(၁) ဆားမှော်ကျေးရွာ

(၂) မြွှန်သုံးလုံးကျေးရွာ

# ပြွန်သုံးလုံးကျေးရွာ သမိုင်းကြောင်း

ပြွန်သုံးလုံးကျေးရွာသည် မိုးကောင်းမြို့နယ်အတွင်းတည်ရှိပြီး မိုးကောင်းမြို့၏အနောက်တောင်ဘက်တွင်တည်ရှိ၍ မိုးကောင်းမြို့နှင့် ၁၂ မိုင်ခန့်ကွာဝေးပါသည်။နေထိုင်သောလူမျိုးများမှာ ရှမ်း(အများစု)၊ ဂျိန်းဖော(ဒုတိယအများစု)၊ ကဒူး၊ကနန်း၊ ဗမာ၊ ရခိုင် အပါအဝင်အခြားသော ကချင်မျိုးနွယ်စုများ ဖြစ်ကြပါသည်။ ပြွန်သုံးလုံးကျေးရွာတွင် မူလတန်းလွန်ကျောင်း ၁ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၁ ကျောင်း၊ နှစ်ခြင်းဘုရားကျောင်း ၁ ကျောင်း၊ ကက်သလစ်ဘုရားကျောင်း ၁ ကျောင်း၊ မူရင်းဘုရားကျောင်း ၁ ကျောင်းနှင့် ရွာ၏အနောက်မြောက်ဘက် ၂ ဖာလုံခန့်တွင် အဘယသုခဆုတောင်းပြည့်စေတီ ၁ ဆူတည်ရှိပါသည်။ ထို့အပြင်ကျေးရွာ၏အနောက်ဘက် ၃ မိုင်ခန့်တွင် ဆားတွင်း(ကျွဲ၊ နွားများကျသေ၍ သဲကျောက်များဖြင့်ဖို့ထားပြီး ယခုအသုံးမပြုတော့ပါ)ဟောင်းတစ်ခုရှိပါသည်။ ရွာနှင့်တစ်ဆက်စပ်တည်း အနောက်မြောက်အရပ်တွင် ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့သည့် လေယာဉ်ကွင်းဟောင်းတစ်ခုလည်းရှိပါသည်။

ပြွန်သုံးလုံးကျေးရွာရှိ အိမ်ထောင်စုအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည့် တောင်သူမိသားစုများဖြစ်ပါသည်။ ပြန်သုံးလုံးကျေးရွာအပါဝင် အနီးပတ်ဝန်းကျင် ကျေးရွာများရှိတောင်သူများ စိုက်ပျိုးရေအဖြစ် အဓိကအားထားရသည့် အနောက်မှအရှေ့သို့စီးဆင်းလျှက်ရှိသော ဆားမော်ချောင်းသည် နန့်ရင်းချောင်းအတွင်းသို့စီးဝင်ပေါင်းဆုံသည်။ အဆိုပါ ဆားမော်ချောင်းတွင် အစိုးရမှရေလွှဲဆည်တစ်ခုတည်ဆောက်၍ ကဝါးယံနှင့် မန်ရွက်ကျေးရွာများသို့ စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိပြီး အချို့တောင်သူများမှလည်း ကိုယ်ထူကိုယ်ထဆည်များဖြင့် စိုက်ပျိုးရေများကို မိမိတို့လိုရာသို့ သွယ်ယူအသုံးပြုကြပါသည်။ ဆားမော်ချောင်းရေ အရင်းအမြစ် မပျောက်ဆုံးစေရန်အတွက် ပြွန်သုံးလုံးကျေးရွာအနီးရှိ ပြည်ထောင်စုလမ်းမကြီးမှ အစပြုကာ သစ်တောဦးစီးဌာနမှ ရေဝေရေလဲ ကြိုးပြင်ကာကွယ်တောဧရိယာကိုလည်း သတ်မှတ်ပေးထားပါသည်။

ပြွန်သုံးလုံးကျေးရွာကို ၁၉၅၃ ခုနှစ်တွင် စစ်ကိုင်းတိုင်း၊ ဗန်းမောက်မြို့နယ်မှ ပြောင်းရွှေ့လာကြသော ရှမ်းလူမျိုးများဖြစ်သည့် ဦးဖိုးသင်း၊ ဦးထွန်းလင်း၊ ဦးထွန်းမြိုင်၊ ဦးအောင်ကံ၊ ဦးပေါကြွယ်၊ ဦးမောင်နိုင်း၊ ဦးခင်မောင်ကြီး၊ ဦးဖိုးစိန်၊ ဦးဘဒင်၊ ဦးထွန်းရှိန်တို့ ၁၀ ဦးမှစတင်တည်ထောင်ခဲ့ကြသည်။ ရွာတည်စတွင် နမ္မနကျေးရွာအုပ်စုဝင် ကျေးရွာခွဲတစ်ရွာဖြစ်ခဲ့ပြီး၊ ၁၉၅၇ ခုနှစ်တွင် တောင်နီကျေးရွာအုပ်စု၏ ကျေးရွာခွဲတစ်ရွာ ဖြစ်လာခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင်မှ ဆားမော်ကျေးရွာအုပ်စု၏ ကျေးရွာခွဲတစ်ရွာအဖြစ် စတင်ပါဝင်ခဲ့သည်။

ပြွန်သုံးလုံးကျေးရွာသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း တည်ထောင်သည့်ကျေးရွာဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း၌ ယခုပြွန်သုံးလုံးကျေးရွာအတွင်းရှိ နန့်ပေါင်ချောင်းကိုဖြတ်ကူးရန် တံတားပြုလုပ်ရာတွင် ဆားမော်သကြားစက်မှ ပြွန်လုံး(မီးခိုးခေါင်းတိုင်)များကိုသယ်ယူ၍ မြုပ်နှံအသုံးပြုခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရမှ ဆားမော်သကြားစက်ပြန်လည်ပတ်ရန် စစ်အတွင်းမြုပ်ထားခဲ့သော ပြွန်လုံးများကိုပြန်လည်တူးဖော်ယူရာတွင် ပြွန်လုံး(ပိုက်လုံး) ၃ လုံးတွေ့ရှိရသဖြင့် အဆိုပါပြွန်လုံး ၃ လုံးကိုအစွဲပြု၍ နမ္မနသူကြီးမှ ပြွန်သုံးလုံးကျေးရွာဟု အမည်မှည့်ပေးခဲ့၍ ဖြစ်ပေါ်လာပါသည်။

ယခုအချိန်တွင် ပြွန်သုံးလုံးကျေးရွာသည် အိမ်ခြေ ၃၂၁၊ လူဦးရေ ၁၇၄၁ ဦးရှိပါသည်။ အနီးဆုံးမြို့ဖြစ်သည့် မိုးကောင်းမြို့သို့ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီတို့ဖြင့်သွားလာကြပါသည်။ ပြွန်သုံးလုံးကျေးရွာ၏ အရှေ့ဘက် ၁ မိုင်ခန့်တွင် ဆားမော်ကျေးရွာအုပ်စုနှင့် အမှတ်(၁၀၅)ခြေလျင်တပ်ရင်း၊ တောင်ဘက် ၁ မိုင်ခန့်အကွာတွင် အမှတ်(၃၈၃)ခြေမြန်တပ်ရင်း၊ အမှတ်(၃၈၄)ခြေမြန်တပ်ရင်းနှင့် ကညင်မြိုင်ကျေးရွာအုပ်စု၊ အနောက်မြောက်ဘက် ၁ မိုင်ခန့်အကွာတွင် ကဝါးယံကျေးရွာအုပ်စုတို့ တည်ရှိကြပါသည်။ အနောက်ဘက်တွင် သဘာဝတောတောင်များရှိပြီး ပြွန်သုံးလုံးကျေးရွာအပါဝင် အနီးပတ်ဝန်းကျင်ကျေးရွာများအတွက် ဟင်းသီးဟင်းရွက်၊ လယ်ယာသုံးပစ္စည်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူရာတွင် အဓိကမှီခိုနေရပါသည်။


ပြွန်သုံးလုံးကျေးရွာရှိ ရွာသူ/သားများမှာ တောင်သူအမည်ခံပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေကြသော်လည်း လယ်ယာမြေပိုင်ဆိုင်သူဦးရေမှာ ၁၂၀ ခန့်သာရှိပြီး၊ အများစုမှာ ကျပန်းအလုပ်ကိုသာ အားကိုးနေရသဖြင့် စီးပွားရေးမပြေလည်သူများဖြစ်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ဆင်းရဲ၊ ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး၊အနွမ်းပါးဆုံးနှင့် လူငယ်အုပ်စုများ) | ၂၀ | ၃၅ | ၅၅ | အိမ်များ၊အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေများ၊မြစ်ချောင်းများနှင့်နယ်နိမိတ်များ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ဆင်းရဲ၊ ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး၊အနွမ်းပါးဆုံးနှင့် လူငယ်အုပ်စုများ) | ၂၅ | ၃၅ | ၆၀ | ကွဲပြားသောလူမှုစီးပွားရေး၊ အမျိုးအစားများ၊အမျိုးသားများနှင့်အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့်အရင်းအမြစ်များ အပေါ်ထိန်းချုပ်ခြင်း |
| ၃ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ဆင်းရဲ၊ ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး၊အနွမ်းပါးဆုံးနှင့် လူငယ်အုပ်စုများ) | ၂၅ | ၃၅ | ၆၀ | အမျိုးသမီးများနှင့်အမျိုးသားများပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များဦးစားပေးများနှင့်လိုအပ်ချက်များ ကွဲပြားခြားနားခြင်း |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ဆင်းရဲ၊ ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး၊အနွမ်းပါးဆုံးနှင့် လူငယ်အုပ်စုများ) | ၃၀ | ၄၅ | ၇၅ | ရာသီဥတုစိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်း၊အစားအစာ ရရှိမှုများနှင့်ပွဲတော်များ |
| ၅ | ပင့်ကူအိမ် သုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ဆင်းရဲ၊ ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး၊အနွမ်းပါးဆုံးနှင့် လူငယ်အုပ်စုများ) | ၄၀ | ၅၀ | ၉၀ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့် အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ဗင်းပုံစံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ဆင်းရဲ၊ ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး၊အနွမ်းပါးဆုံးနှင့် လူငယ်အုပ်စုများ) | ၂၅ | ၃၅ | ၆၀ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ မည်ကဲ့သို့ သော လုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) **လူမှုရေးအရင်းအမြစ်ပြမြေပုံ**



## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ကချင်ပြည်နယ် မိုးကောင်းမြို့ ဆားမော်အုပ်စု ပြွန်သုံးလုံးကျေးရွာတွင် လူဦးရေ ၁၇၅၁ ယောက်ရှိပြီး ကျား ၈၂၇ ၊ မ ၉၂၄ ဦးတို့ဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သည့်အိမ် ၂၄၁ ၊ ခရစ်ယာန်ကိုးကွယ်သည့်အိမ် ၈၃ တို့ဖြစ်သည်။ ပြွန်သုံးလုံးကျေးရွာတွင် မူလွန်ကျောင်း ၊ မူကြိုကျောင်း ၊ ဘုန်းကြီးကျောင်း ၊စေတီ ၊ ခရစ်ယာန်ဘုရားကျောင်း တို့ရှိသည်။

သောက်သုံးရေကို အဝီစိတွင်း ၊ လက်တူးတွင်းတို့သာ ရှိသည်။ နွေရာသီတွင် ရေခမ်းသဖြင့် သောက်သုံးရေ အခက်အခဲ ရှိသည်။

ပြွန်သုံးလုံး ကျေးရွာ၏ ရွာချင်းဆက် လမ်းသည် သဲကျောက်လမ်းများ ဖြစ်သည့်အတွက် ကားများသွားလာမှုများသည့်အတွက် လမ်းမကောင်းပေ။ ရွာတွင်းလမ်းများသည် မြေသား လမ်းသာ ဖြစ်သည့်အတွက် သွားလာရန် ခက်ခဲသည်။

ပြွန်သုံးလုံးကျေးရွာတွင် ဆေးပေးခန်း မရှိသဖြင့် အခြားရွာသို့ သွားရောက် ဆေးကုသရ သဖြင့် အလွန်ခက်ခဲမှုရှိသည်။ လယ်၊ ယာမြေ ကို အဓိက လုပ်ကိုင်စားသောက်ကြသည်။


**<u>အနှစ်ချုပ်</u>**

ပြွန်သုံးလုံး ကျေးရွာသည် အိမ်ခြေ ၃၂၄ အိမ်ရှိသည့် ရွာကြီး တစ်ရွာဖြစ်သည်။ မိုးတွင်းသွားလာရန်ခက်ခဲ ပြီး အလုပ်အကိုင် အခွင့် အလမ်းနည်းပါးသည် လယ်ယာမြေ ကိုသာ လုပ်ကိုင်စားသောက်ကြသည်။ ဆေးပေးခန်း မရှိ၊ သောက်သုံးရေမလုံလောက် သည့် အခက်အခဲ များရှိသည်။

ပါဝင်ဆွေးနွေးသူ - ကျား ၂၀ ၊မ ၃၅

ပံပိုးကူညီသူ - ဦးမှန်မြစ်

(ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း




**ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်းပြဖယားသုံးသပ်ချက်**

မြွန်သုံးလုံးကျေးရွာတွင် အဆင်ပြေအုပ်စု ၊ အသင့်အတင့် ရှိသည့်အုပ်စု ၊ အဆင်မပြေအုပ်စု ဟု သတ်မှတ်ကြသည်။ အဆင်ပြေအုပ်စုတွင် ပျဉ်ထောင်အိမ် ၊ လယ်ထွန်စက် ၊ ကျွဲ ၊ နွား ၊ လယ်ဧက ၂၀ ၊ ဆန်စက် တို့ရှိသည့် အိမ်ထောင်စု ၁၀ ၊ ရာခိုင်နှုန်း ၃.၁ ရှိသည်။

အသင့်အတင့်ရှိသည့် အုပ်စုတွင် ကြမ်းခင်းထရံကာ ၊ ကျွဲ နွား ၊ လယ် ဧက ၁၀ ၊ ဆိုင်ကယ် ၊ တို့သာရှိပြီး အိမ်ထောင်စု ၁၅၀ ၊ ရာခိုင်နှုန်းအားဖြင့် ၄၆.၃ ရှိသည်။

အဆင်မပြေအုပ်စုတွင် ကြမ်းခင်း သက်ကယ်မိုး ၊ လက်လုပ်လက်စားများ ဖြစ်သည်။ အိမ်ထောင်စု ၁၆၄ ၊ ရာခိုင်နှုန်းအားဖြင့် ၅၀.၆ ရှိသည်။

ပံ့ပိုးကူညီသူ - ဦးမှန်မြစ် ၊ ဒေါ်သုသု

ပါဝင်ဆွေးနွေးသူ - ကျား ၂၅ ၊ မ ၃၅

ကျန်မာရေးလက်လှမ်းမှီမှု

ကျန်မာရေးလက်လှမ်းမှီမှု တွင် အမျိုးသမီးများက ၇၀ ရာခိုင်နှုန်း ရှိပြီး အမျိုးသားများမှာ ၃၀ ရာခိုင်နှုန်းသာ ရှိသည်။ အမျိုးသမီးများသည် အိမ်သား တစ်ယောက် ယောက်နေမကောင်းဖြစ်ရင် ပြုစုနေသောကြောင်း အမျိုးသားများထက် ပိုပြီနားလည်သည်။

အဖွဲ့အစည်းတွင်ပါဝင်မှု

ပြွန်သုံးလုံးကျေးရွာ၏ အမျိုးသမီးများသည် အဖွဲ့အစည်းတွင်ပါဝင်မှု ၈၀ ရာခိုင်နှုန်းရှိပြီး အမျိုးသားများမှာ ၄၀ ရာခိုင်နှုန်းသာရှိသည်။ အမျိုးသား အများစုသည် ရွာတွင်မရှိ အပြင်ထွက်အလုပ်လုပ်နေသောကြောင့် ဖြစ်သည်။

ဆုံးဖြတ်ပိုင်ခွင့်

အမျိုးသားများသည် ဆုံးဖြတ်ပိုင်ခွင့် တွင် ၈၀ ရာခိုင်နှုန်း ရှိပြီး အမျိုးသမီးများ မှာ ၅၀ ရာခိုင်နှုန်းသာရှိသည်။ ရှေ့ရိုးအစဉ်အလာအရ အမျိုးသမီးများသည် ဆုံးဖြတ်ပိုင်ခွင့် မပေးကြပေ။

အိမ်မှုကိစ္စဆောင်ရွက်မှု

အိမ်မှုကိစ္စဆောင်ရွက်မှု တွင် အမျိုးသမီးများသည် ၁၀၀ ရာခိုင်နှုန်း အပြည့် ရှိသည် အမျိုးသားများမှာ ၃၀ ရာခိုင်နှုန်းသာရှိသည် ။ အမျိုးသား များသည် ဝင်ငွေရရှိ သည့်အလုပ်တွင် အချိန်ကုန်နေရသောကြောင့် ဖြစ်သည်။



ပညာရေးလက်လှမ်းမှီမှု

ပြွန်သုံးလုံးကျေးရွာတွင် အမျိုးသား အမျိုးသမီး ပညာရေးလက်လှမ်းမှီမှုတွင် ၅၀ ရာခိုင်နှုန်း အတူတူ ဖြစ်သည် ။

ပံပိုးကူညီသူ - ဦးမှန်မြစ် ၊ ဒေါ်သုသု

ပါဝင်ဆွေးနွေးသူ - ကျား ၄၀ ၊ မ ၅၀

(ဃ) ပင့်ကူအိမ်ပြဇယား သုံးသပ်ခြင်း

**ပင့်ကူအိမ်ပြဇယားသုံးသပ်ချက်**

ဝင်ငွေရရှိမှု

မြွန်သုံးလုံးကျေးရွာတွင် အမျိုးသားများ၏ ဝင်ငွေရရှိမှာ ၇၀ ရာခိုင်နှုန်း ရှိပြီး အမျိုးသမီးများသည် ၅၀ ရာခိုင်နှုန်းသာရှိသည်။ ပိုက်ဆံရရှိသောအလုပ် များတွင် အမျိုးသား များသာ လုပ်ကိုင်နေကျပြီး အမျိုးသမီး များမှာ အိမ်မှုကိစ္စ တွင်သာ အချိန်ကုန်နေရသောကြောင်း ဝင်ငွေရ ရှိ သည့် အလုပ်တွင် အချိန်မပေး နိုင်သောကြောင့် ဖြစ်သည်။


အရင်းအမြစ်ပေါ်လက်လှမ်းမှီမှု


အမျိုးသားများသည် အရင်းအမြစ်အပေါ်လက်လှမ်းမှီမှုတွင် ၈၀ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး များမှာ ၄၀ ရာခိုင်နှုန်းသာရှိသည် ။ အမျိုးသမီးများသည် အိမ်မှုကိစ္စဖြင့်သာ အချိန်ကုန်နေရ သောကြောင်ဖြစ်သည်။

ဦးဆောင်နိုင်မှု

အမျိုးသားများသည် ဦးဆောင်နိုင်မှုတွင် ၈၀ ရာခိုင်နှုန်း ရှိပြီး အမျိုးသမီးများမှာ ၆၀ ရာခိုင်နှုန်း ရှိသည်။ ရပ်ရေး ရွာရေး များတွင် အမျိုးသားများသာ ဦးဆောင်နေရပြီး အချို့အမျိုးသမီး များသည် အိမ်ထောင်ဦးဆောင်နေသော အိမ်များလဲ ရှိသည် ။

ပိုင်ဆိုင်မှု သုံးသပ်ခြင်း





**ပိုင်ဆိုင်မှုသုံးသပ်ခြင်းပြဇယားသုံးသပ်ချက်**

မြွန်သုံးလုံးကျေးရွာရှိ အရင်းအမြစ်အများစုကို အမျိုးသားများက ထိန်းချုပ်ထားပြီး အမျိုးသမီး ထိန်းချုပ်သည့် အရင်းအမြစ်သည် အလွန်နည်းပါးသည်။ တချို့ အရင်းအမြစ်များကို အတူထိန်းချုပ်ကြသည်။

ထိုအတူ အရင်းအမြစ်ကို သုံးစွဲရာတွင်လည်း အမျိုးသားများက အများဆုံးသုံးစွဲကြပြီး အတူသုံးစွဲသော အရင်းအမြစ်များလဲရှိသည်။

ရွာ၏ အရင်းအမြစ်များကို အမျိုးသား များက သာလက်လှမ်းမှီသလောက်သုံးစွဲနိုင်ကြပြီး အမျိုးသမီး များမှာ လက်လှမ်းမှီမှုမရှိသလောက် နည်းပါးသည်။အမျိုးသမီးအများစုသည် အိမ်မှုကိစ မျာတွင် အချိန်ကုန်နေရသောကြောင့် ဖြစ်သည်။

ပံပိုးကူညီသူ - ဦးမှန်မြစ် ၊ ဒေါ်သုသု

ပါဝင်ဆွေးနွေးသူ - ကျား ၂၅ ၊ မ ၃၅

(င) ရာသီခွင်ပြဇယား သုံးသပ်ချက်



**ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်**

မြွန်သုံးလုံးကျေးရွာ၏ အဓိက အသက်ဝမ်းကျောင်း လုပ်ငန်းမှာ လယ် ၊ ယာမြေ လုပ်ငန်းဖြစ်သည်။ လယ်သမားဦးရေ ၁၀၀ ၊ တောင်ယာခုတ်သူဦးရေ ၅၀ ၊ ပန်ရံ လက်သမား ၁၅ တို့ဖြစ်ပြီး ကျန်အိမ်များသည် လက်လုပ်လက်စား ရာသီအလိုက် အငှားလုပ်သားများ များလည်းရှိသည် ။ ဝန်ထမ်းအိမ် ၁၆ ရှိသည် ။

ကျေးရွာအတွင်းရှိ အရင်းအမြစ်များကို ရွာသူ ရွာသား များ လက်လှမ်းမှီမှုနည်းပါးသည် ။ မိုးရာသီတွင် လယ် လုပ်ကိုင်ကြပြီး နွေရာသီတွင် တောင်ယာ လုပ်ကိုင်ကြသည် ။ တချို့သောလယ်သမားများ သည် လယ်ပြီးသည်နှင့် အခင်း လုပ်ကိုင်ကြသည် ။ ရာသီအလိုက် အသီး အနှံ များစိုက်ပျိုး ကြသည် ။

ရာသီအလိုက် ပွဲတော်များရှိပြီး သင်္ကြန်ပွဲ နှင့် ခရစ္စမတ်ပွဲ ၊ နှစ်သစ်ကူးပွဲများသည် အလွန်စည်ကားပါသည် ။

ပံပိုးကူညီသူ - ဦးမုန်မြစ် - ဒေါ်သုသု

ပါဝင်ဆွေးနွေးသူ - ကျား ၃၀၊ မ ၄၅

(စ) ဗင်းပုံစံ




**ဗင်းပုံစံသုံးသပ်ချက်**


မြွန်သုံးလုံးကျေးရွာတွင်ရှိသော အဖွဲ့အဖွဲ့ စည်းများမှာ အုပ်ချုပ်ရေး၊ ဘာသာရေး၊ အပျို လူပျို ၊ ကြက်ခြေနီ၊ မီးသတ်၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ လူမှု ကူညီရေး၊ ပြည်သူ့စစ်၊ သမဝါယမ၊ အားမာန်ငွေစုငွေချေး၊ ငွေရောင်ခြည်၊ စိုက်မွေး ၊ ဇလတ်ပန်း၊ လမ်းပြကြယ်၊ တောင်သူကွန်ရက် တို့ဖြစ်သည်။ ကျေးရွာပင်ပ မှလာသော အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သမဝါယမ၊ မေတ္တာဖောင်ဒေရှင်း၊ စိုက်ဘဏ်၊ Save the children ၊ နန့်ကျို၊ အောင်စကြာ၊ တောင်သူကွန်ရက်တို့ဖြစ်သည်။

ရွာ၏ ရပ်ရေး ရွာရေး ၊ ပျော်ပွဲ ရွှင်ပွဲ များတွင် ရွာသူ ၊ ရွာသား အားလုံး ပူးပေါင်းပြီးအတူတကွ ပူးပေါင်းပြီး ဆောင်ရွက်ကြပါသည်။


ပံပိုးကူညီသူ - ဦးမှန်မြစ်

ပါဝင်ဆွေးနွေးသူ - ကျား ၂၅ ၊ မ ၃၅

## (ဆ)အမျိုးသား၊ အမျိုးသမီး အခက်အခဲများ




### အမျိုးသမီး



**အမျိုးသား၊ အမျိုးသမီး အခက်အခဲသုံးသပ်ချက်**

ရွာတွင်းလမ်းမကောင်းသောကြောင်း မိုးရာသီတွင် သွားလာရန်ခက်ခဲ ၊ စာသင်ကျောင်း မလုံလောက်သည့်အခက်အခဲ ၊ ကျန်းမာရေးဆေးပေးခန်း မရှိသောကြောင်း ခက်ခဲ၊ ရွာတွင်းတံတားများ မကောင်းသောကြောင်း ကားများသွားလာရာ တွင် ခက်ခဲ သည်။

**အမျိုးသား ၊ အမျိုးသမီး ကျေးရွာမျှော်မှန်းချက်**

ကျေးရွာဖွံ့ဖြိုးလာစေရန်မျှော်ထားသော လုပ်ငန်းများမှာ ရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် ၊ ပညာရေး အဆင့်အတန်း မြင့်လာပြီး စာသင်သည့်နေရာ အဆင်ပြေစေရန် ၊ ကျန်းမာရေး ကောင်းမွန်လာပြီး ဆေးကုသ စရိတ်သက်သာလာစေရန် ၊ တံတားကောင်းမွန်လာ ပြီး သွားလာရ အဆင်ပြေစေရန် ဖြစ်သည်။

ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသား ၊ အမျိုးသမီး

၁။ ရွာတွင်းသဲကျောက်လမ်း

၂။ ကျောင်းဆောင်တိုးချဲ့ရန်

၃။ ကျန်းမာရေးဆေးပေးခန်း

၄။ ကွန်ကရစ်တံတား

ကျေးရွာလူထုအစည်းအဝေးကျင်းပနေပုံ





၁၉

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များစာရင်း

ကျေးရွာအုပ်စု - သားမြောက်

ရက်စွဲ - -

ကျေးရွာ - ပြွန်သုံးလုံး

| စဉ် | အမည် | ဘာသာ | ကျား/မ | ကော်မတီဝင် | ရာထူး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးကျော်သိန်းဦး | ဗုဒ္ဓဘာသာ | ကျား | ကျေးရွာကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| ၂။ | ဒေါ်ခင်စိန်းဝင်း | ဗုဒ္ဓဘာသာ | မ | ကျေးရွာကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| | ဦးပေတာင်းဂျူး | ခရစ်ယာန် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | |
| | ဒေါ်အိနှင်းဖွေး | ဗုဒ္ဓဘာသာ | မ | ဝယ်ယူရေးဆပ်ကော်မတီ | မှတ်တမ်းထိန်း | |
| | ဦးဇော်မိုးလွင် | ဗုဒ္ဓဘာသာ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ဝင် | |
| | ဦးသိန်းဇော်ဦး | ဗုဒ္ဓဘာသာ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | ဒေါ်နှင်းရည် | ဗုဒ္ဓဘာသာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | | | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | |
| | ဦးနိုင်ဝင်း | ဗုဒ္ဓဘာသာ | ကျား | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | ဒေါ်ခင်ညွန့်ကြည် | ဗုဒ္ဓဘာသာ | မ | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | | | | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | |
| | ဦးကျော်မြင့်ဦး | ဗုဒ္ဓဘာသာ | ကျား | အကြံပြုတိုင်ကြားရေးတာဝန်ခံ | [illegible] | |
| | ဒေါ်အေးမြ | ဗုဒ္ဓဘာသာ | မ | အကြံပြုတိုင်ကြားရေးတာဝန်ခံ | [illegible] | |
| | ဦးလမိုင်တူးခေါင် | ခရစ်ယာန် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း | | |
| | ဒေါ်မြမြအေး | ဗုဒ္ဓဘာသာ | မ | ကျေးရွာစေတနာ့ဝန်ထမ်း | | |
| | ဦးသိန်းထွန်း | ဗုဒ္ဓဘာသာ | ကျား | ကျေးရွာငွေစာရင်းကိုင် | | |
| | | | | | | |
| | | | | | | |
| | | | | | | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမောင်နိုင် | 09-440079560 | ဦးမုန်မြစ် |

| | | | |
|---|---|---|---|
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ဆဒူးချောင် | ကျေးရွာ- ပြွန်သုံးလုံး |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကချင် | ၈၃ | ဘာသာ (၁) ခရစ်ယာန် | ၈၃ |
| လူမျိုးစု (၂) ဗမာ | ၁၆ | ဘာသာ (၂) ဗုဒ္ဓ | ၁၆ |
| လူမျိုးစု (၃) ရှမ်း | ၁၇၉ | ဘာသာ (၃) ဗုဒ္ဓ | ၁၇၉ |
| လူမျိုးစုရော ရှမ်း/ဗမာ | ၄၆ | ဘာသာရော ဗုဒ္ဓ | ၄၆ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၂၇ | ၈၉၄ |
| လူမျိုးစု (၁) ကချင် | ၂၃၃ | ၂၇၈ |
| လူမျိုးစု (၂) ဗမာ | ၄၂ | ၃၃ |
| လူမျိုးစု (၃) ရှမ်း | ၄၃၈ | ၄၆၂ |
| အခြား ရှမ်း/ဗမာ | ၁၁၄ | ၁၂၁ |
| အိမ်ထောင်ဦးစီး | ၂၆၇ | ၁၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ✓☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓☐ |
| မူလတန်းကျောင်း | ☐✓ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐✓ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ✓☐ |
| အခြား မူလွန် | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐✓ | ✓☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| (ကျောက်ကြမ်းလမ်း) | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ------------------

မိုးရာသီတွင်ကြာချိန်---၁၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ခိုးဇော်နိုင်

လက်မှတ် [signature] နေ့စွဲ ၁၀.၃.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးမှန်မြင့်

လက်မှတ် Myint နေ့စွဲ ၁၀.၃.၂၀၁၇

၂၀

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး မုန့်မြစ် | |
| နေ့စွဲ ၁၀.၃.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) |
| ပြည်နယ်- ကချင် မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ဆာ်ဂမော် ကျေးရွာ- မြှင်သုံးလုံး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၀.၃.၂၀၁၇ | ၁၀.၃.၂၀၁၇ | ၇၀ | ၁၃၇ | ၂၀၇ | ကချင်-၄၂ ရှမ်း-၁၂၀ ဗမာ-၄၆ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁.၃.၂၀၁၇ | ၁၁.၃.၂၀၁၇ | ၄၅ | ၁၁၇ | ၁၆၂ | ကချင်-၃၂ ဗမာ-၁၀ ရှမ်း-၁၀၀ ရှမ်းဗမာ-၂၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၄.၃.၂၀၁၇ | ၂၉.၃.၂၀၁၇ | ၉ | ၇ | ၁၆ | ကချင်-၂ ဗမာ ၈ ရှမ်း-၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | [illegible].၄.၂၀၁၇ | ၂၇.၄.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၁.၅.၂၀၁၇ | ၁၁.၅.၂၀၁၇ | ၈ | ၆ | ၁၄ | ကချင်-၂ ဗမာ-၄ ရှမ်း-၈ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၆.၅.၂၀၁၇ | ၁၇.၅.၂၀၁၇ | ၁၈ | ၁၇ | ၃၅ | ကချင်-၇ ဗမာ-၂၀ ရှမ်း-၈ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 19.5.2017 | 23.5.2017 | ၈ | ၆ | ၁၄ | ကချင်-၂ | ဗမာ-၄ ချင်း-၈ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 23.5.2017 | 23.5.2017 | ၈ | ၆ | ၁၄ | 〃 | 〃 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | 19.6.2017 | 19.6.2017 | ၈ | ၆ | ၁၄ | 〃 | 〃 |
| | 17.7.2017 | 17.7.2017 | ၈ | ၆ | ၁၄ | 〃 | 〃 |
| | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| ***လမ်းညွှန်ချက်*** ၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမျိုးမြင့် | | | |
| နေ့စွဲ ၁၁.၃.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု ဆားမော် | ကျေးရွာ ပြွန်ဆုံလုံး |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ပညာရေးအခက်အခဲ၊ စာသင်ဆောင် မလုံလောက် | ၁ | ရွာတွင်းလမ်း ပြင်ရန် လိုအပ်ခြင်း |
| ၂ | ဆရာ/ဆရာမ များအဆောင် မလုံလောက် | ၂ | ရွာချင်းဆက်လမ်း မကောင်း၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| ၃ | စာကြည့်တိုက်မရှိ၍ ဗဟုသုတနည်း | ၃ | ဆေးပေးခန်းမရှိ၍ ဆေးကုသမှု နှောင့်နှေးခြင်း |
| ၄ | အားကစားကွင်း မကောင်း | ၄ | တံတား မကောင်း၍ သွားလာရန် ခက်ခဲ |
| ၅ | ကျောင်းခြံစည်းရိုး မလုံခြုံ | ၅ | နွေရာသီတွင် ရေခန်း၍ သောက်သုံးရေ ခက်ခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောင်းဆောင်သစ် များ ရရှိလာရန် | ၁ | သွားလာရေး လွယ်ကူလာစေရန် |
| ၂ | ဆရာ/ဆရာမ များ အဆောင် လုံလောက်စွာ ရရှိရန် | ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၃ | ကျေးရွာစာကြည့်တိုက် ရရှိလာစေရန် | ၃ | ကျန်းမာရေး ကောင်းမွန်လာပြီး ငွေကြေး အကုန်အကျသက်သာလာစေရန် |
| ၄ | အားကစားကွင်း ပြုပြင်ပေးစေရန် | ၄ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၅ | ကျောင်းဝင်း လုံခြုံစေရန် | ၅ | သောက်သုံးရေ အဆင်ပြေလာစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချောင်းဆည် (ကွန်ကရစ်လမ်း) | ~~ကျား~~/မ | | |
| ၂ | ရွာတွင်းကျောက်ချောလမ်း (သဲကျောက်ခင်းလမ်း) | ကျား/မ | | |
| ၃ | စာသင်ကျောင်း | ကျား/မ | | |
| ၄ | ကျန်းမာရေး ဆေးပေးခန်း | ကျား/မ | | |
| ၅ | ဆရာ/ဆရာမများ အဆောင် | ကျား/မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးရွာဆိုင်းဘုတ် | ကျား | |
| ၂ | စပါးမျိုးကောင်းမျိုးသန့် | ကျား | |
| ၃ | ဆိုက် ပျိုးရေ၊ နှုတ်ပါ၊ ပုသာ | ကျား | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------------------------------ လက်မှတ် --------------------------- နေ့စွဲ------------------------------

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| ***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးနန့်မြစ် CCF ၁၊ ဒေါ်သုဇာ (TF) |

| | | |
|---|---|---|
| နေ့စွဲ - | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ဆားမှော် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဆားမှော် | သဲကျောက်လမ်းခင်းခြင်း | ၈၀၀'x ၁၂'x၀'-၆" | ၇၅၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၂၇,၀၀၀,၀၀၀ | | | | ၂၇,၀၀၀,၀၀၀ |
| ဆားမှော် | သဲကျောက်လမ်းခင်းခြင်း | ၄၇၆၀'x ၁၅'x၀'-၆" | ၇၅၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၇,၀၀၀,၀၀၀ | | | | ၁၇,၀၀၀,၀၀၀ |
| ဆားမှော် | Slab Culvert (၁၂)စင်း | ၂'x ၁၅'x ၃'-၀" | ၇၅၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၃,၁၅၈,၀၀၀ | | | | ၁၃,၁၅၈,၀၀၀ |
| ဆားမှော် | Box culvert (၄)စင်း | ၂'x၂၅'x ၃'-၀" | ၇၅၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၁,၃၇၈,၀၀၀ | | | | ၁၁,၃၇၈,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မြန်သုံးလုံး | သဲကျောက် လမ်းခင်းခြင်း | ၆၃၀၀'×၁၂'× ၀'-၆" ၃၀၀၀'×၁၅'× ၀'-၆" | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၃၀,၇၂၄, ၀၀၀ | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် လက်မှတ် ရက်စွဲ

ဒေါ်ချိုစိုးရွှေ 11.4.17 -

ဦးကျော်သင်းဦး 11.4.17

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးမှန်မြင့် (CF) ၊ ဒေါ်ဝဥ္ဇသူ (TF) |
| နေ့စွဲ - ၁၁.၄.၂၀၁၇ ; စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်- ကချင် ; မြို့နယ်- မိုးကောင်း ; ကျေးရွာအုပ်စု- ဆားမြော် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မြန်သုံးလုံး | Slab Culvert တည်ဆောက်ခြင်း | ၈'-၀"×၂၂'× ၄'-၀" | ၁၇၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၃,၅၄၆,၀၀၀ | | | | ၃,၅၄၆,၀၀၀ |
| မြန်သုံးလုံး | ရေမြောင်း ကော်ဘား (၁၀) ပြုလုပ်ခြင်း | ၂'Ø×၁၅'(၅ခု) ၂'Ø×၁၂'(၅ခု) | ၁၇၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၄,၂၂၀,၀၀၀ | | | | ၄,၂၂၀,၀၀၀ |
| မြန်သုံးလုံး | ကျောင်းနံရံ ကိုင်းချဲ့ ပြုပြင်ခြင်း | ၂၄'×၁၂' | ၁၇၀၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၃,၇၀၄,၀၀၀ | | | | ၃,၇၀၄,၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် လက်မှတ် ရက်စွဲ

ဒေါ်ချူးစွ 11.4.17.

ဦးကျော်သန်းဦး 11.4.17

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၁၀.၃.၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - မြို့သုံးလုံး ဘုန်းကြီးကျောင်း

အစည်းအဝေးကျင်းပသည့်အချိန် - ၁၀:၀၀ မှ ၄:၃၀ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၇၀ / မ ၁၃၇

စုစုပေါင်း ၂၀၇ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ ကျေးရွာတွင်း လူထုဗဟိုပြု စီမံကိန်းကို မိတ်ဆက်ရန်နှင့် ကျေးရွာပထမအကြိမ် အစည်းအဝေးပြုလုပ်ပြီး ဖေတာနှင့်ကော်မတီ ရွေးချယ်ရန်၊ လူထုပူးပေါင်းပါဝင်သော လူထုဆန်းစစ်ခြင်း(PRA)ပြုလုပ်ရန်။

ဆွေးနွေးချက် ။ ။ ကျေးရွာပထမအကြိမ် အစည်းအဝေး မစခင် ကျေးရွာခေါင်းဆောင် ဦးဆောင်နိုင်မှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို စတင်ခဲ့သည်။ စီမံကိန်း မိတ်ဆက်ကို ဦးမိုးမြင့်မှ ရှင်းပြပြီး၊ စီမံကိန်းစက်ဝန်းကို ဒေါ်သူသူမှ ရှင်းပြ၊ အစီအစဉ်ကို သူမှာ၊ အခန်းကဏ္ဍကို ဦးမိုးမြင့်မှ ရှင်းပြခဲ့သည်၊ ဆက်လက်ပြီး ကျေးရွာဖေတာနှင့်ကော်မတီကို ရွေးချယ်ရာ မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့သည်။ အစည်းအဝေးတက်ရောက်လာသော ကျေးရွာလူထုများကို စည်းရုံးရေးမှူး ဦးဆောင်ပြီး လူထုပူးပေါင်းပါဝင်သော လူထုဆန်းစစ်ခြင်း(PRA)ကို အမျိုးသား / အမျိုးသမီး ခွဲခြားသည့်ကောင်း၊ အုပ်စုခွဲ၍ ဆွေးနွေးသည့်ကောင်း၊ ကျေးရွာ၏ လိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။



၂၇

ဆုံးဖြတ်ချက်။ ။ ကျေးရွာစေတနာ့ဝန်ထမ်းကို ကျေးရွာလူထုက မဲပေးရွေးချယ်ရာ မဲအများဆုံးရရှိသော (ဦးလှရှိန်ထူးဝင်း၊ ဒေါ်မြမြဒွေး) ၂ ဦးကို အတည်ပြု ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း ရလဒ်များကို အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

နောက်ဆုံး ကျေးရွာ ပထမအကြိမ် အစည်းအဝေးကို ညနေ ၄း၀၀ နာရီတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - M[signature]

အမည် - ဦးမိုးမြင့်

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - /၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၁၁.၃.၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - မြွန်သုံးလုံး ဘုန်းကြီးကျောင်း

အစည်းအဝေးကျင်းပသည့်အချိန် - ၁၁:၀၀ မှ ၅:၀၀ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၄၅ / မ ၁၁၇

စုစုပေါင်း ၁၆၂ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ ကျေးရွာတွင် ဒုတိယအကြိမ် အစည်းအဝေး ပြုလုပ်ပြီး ကျေးရွာ၏ အခက်အခဲကို ဖော်ထုတ်နိုင်ရန် ဦးစားပေးလုပ်ငန်းဖော်ထုတ်ရန်ဖြစ်ပြီး ကျေးရွာ ကော်မတီ ဝင်များ ရွေးချယ်ရန် ၊

ဆွေးနွေးချက် ။ ။ ကျေးရွာ ဒုတိယ အကြိမ် အစည်းအဝေးကို ကျေးရွာလူထုနှင့်အတူ ကျေးရွာ၏ အခက်အခဲ၊ ပျော့ကွက်၊ အားသာချက်၊ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အမျိုးသား၊ အမျိုးသမီး ခွဲ၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ရွေးချယ်ထားသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး ပထမနှစ် ဆောင်ရွက်ရန်တွင် ၊ အကျိုးဝင်၊ မဝင် ခွဲ၍ ဆွေးနွေးခဲ့သည်။

ထို့နောက်ကျေးရွာလူထု ရွေးချယ်ထားသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့သည်။

ကျေးရွာ၏ကော်မတီဝင်များကို လည်း မဲစနစ်ဖြင့်ရွေးချယ်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာလူထုနှင့်အတူ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းကို ပထမ
ဦးစားပေးအဖြစ် ရွာချင်းဆက်လမ်း၊ ဒုတိယ ဦးစားပေးအဖြစ် ရွာတွင်း ကျောက်ချောလမ်း
ဟူ၍ ပထမအဆင့် လုပ်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ဆုံးဖြတ်ခဲ့သည်။
ကျေးရွာကော်မတီဝင်များကို ကျေးရွာလူထုက မဲပေး
ရွေးချယ်ခဲ့သည်။ ကျေးရွာ၏ ဒုတိယ အကြိမ် အစည်းအဝေးကို ညနေ ၄:၀၀ နာရီ
တွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

မှတ်တမ်းတင်သူ

လက်မှတ် - M.(signature)

အမည် - ဦးမိုးမြင့်



၂၈

ဆုံးဖြတ်ချက်။ ။ ကျေးရွာလူထုနှင့်အတူ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းကို ၁၀၀%

ပါ တာဝန်ယူ အကြံပြု ရွာချင်းဆက်လမ်း၊ ဒုတိယ သော့ ပိုင်ဆိုင်မှုအဖြစ် ရွာတွင်း ကျောက်ချောလမ်း

ပျက်စီးမှုမရှိစေရန် လုပ်ဆောင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ဆုံးဖြတ်ခဲ့သည်။

ကျေးရွာကော်မတီဝင်များကို လည်း ကျေးရွာလူထုက မဲပေး

ရွေးချယ်ခဲ့သည်။ ကျေးရွာ၏ ဒုတိယ အကြိမ် အစည်းအဝေးကို ညနေ ၄:၀၀ နာရီ

တွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

မှတ်တမ်းတင်သူ

လက်မှတ် - M...

အမည် - ဦးမိုးမြင့်



၂၈

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာချင်းဆက် (ကွန်ကရစ်လမ်း) | ☑မ ☐ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၂ | ရွာတွင်းသဲကျောက်လမ်း | ☑မ ☑ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေးဖွံ့ဖြိုးမှု | ၁ | စပါးမျိုးကောင်းမျိုး သွင်း | ☐မ ☑ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၂ | စိုက်ပျိုးရေးနည်းပညာ | ☐မ ☑ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | ဆေးပေးခန်း | ☑မ ☑ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | ဆရာ/ဆရာမ အသစ် | ☑မ ☑ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၂ | စာသင်ကျောင်း | ☑မ ☑ကျား | ကျေးရွာ | လူထု မဟုတ် [illegible] |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| အခြား | ၁ | [illegible] | ☐မ<br>☐ကျား | ကျောင်းသူ | [illegible] |
| | ၂ | | ☐မ<br>☐ကျား | | |
| | ၃ | | ☐မ<br>☐ကျား | | |
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |